# Strong Families Vermont အိမ်တိုင်ရာရောက် ကျန်းမာရေးဝန်ဆောင်မှု ပရိုဂရမ်

**သင်ကလေးမွေးဖွားတော့မည်လား။ သင့်တွင် ငယ်ရွယ်သောကလေးရှိပါသလား။**

Strong Families Vermont အိမ်တိုင်ရာရောက် ကျန်းမာရေးဝန်ဆောင်မှု ပရိုဂရမ်သည် ဖော်ပြပါဝန်ဆောင်မှုများကိုပေးပါသည်-

- သင့်အိမ်သို့ အိမ်တိုင်ရာရောက် ကျန်းမာရေးဝန်ဆောင်မှု အခမဲ့ပေးခြင်း သို့မဟုတ် သင့်ကိုယ်ပိုင် သူနာပြု သို့မဟုတ် မိသားစုကူညီစောင့်ရှောက်ပေးရေး ပညာရှင်နှင့် တွေ့ဆုံရန် သင်သက်တောင့်သက်သာရှိသည့်မည်သည့်အချိန်တွင်မဆို ဝန်ဆောင်မှုအခမဲ့ပေးခြင်း။
- ကိုယ်ဝန်ဆောင်သည့်အချိန်ကာလမှ စ၍ သင့်ကလေး အသက် 5 နှစ်ပြည့်သည့်တိုင် မည်သည့်အချိန်တွင်မဆို စတင်ဝန်ဆောင်မှုပေးသည့် အကူအညီ။
- သင်ဖြစ်ချင်သော မိဘဖြစ်လာရန် သင့်ကို ကူညီခြင်း။

**မည်သည့်အကူအညီအမျိုးအစားများကို ကျွန်ုပ်တို့ ဝန်ဆောင်မှုပေးပါသနည်း။**

သူနာပြု သို့မဟုတ် လေ့ကျင့်သင်ကြားထားသော မိသားစုကူညီစောင့်ရှောက်ပေးရေး ပညာရှင်တို့သည် ဤမေးခွန်းများနှင့် ပိုမိုသော မေးခွန်းများကို ဖြေဆိုနိုင်ရန်ကူညီပေးသွားမည်-

- ကျွန်ုပ်၏ ကလေးကို ကျွန်ုပ် လုံလောက်စွာကျွေးနေပါရဲ့လား။
- ကျွန်ုပ်၏ကလေးသည် ဇီဇာကြောင်/ ငိုနေပါက ကျွန်ုပ် ဘာလုပ်နိုင်ပါသနည်း။
- လွန်စွာစိုးရိမ်ပူပန်ပြီး ကျွန်ုပ်ကိုယ်ကို ပုံမှန်ဖြစ်နေသည်ဟု မခံစားရသည်မှာ ပုံမှန်အနေအထားဖြစ်ပါသလား။
- ကျွန်ုပ်၏ကလေးများ ကြီးထွားပြီး ကျန်းမာလာအောင် ကူညီပေးစေရန် ကျွန်ုပ်သူတို့နှင့် မည်ကဲ့သို့ ကစားပေးရမည်နည်း။
- ကျွန်ုပ်၏ကလေး အိပ်ချိန်ပုံမှန်ဖြစ်စေရန် ကျွန်ုပ်မည်ကဲ့သို့လုပ်ဆောင်ရမည်နည်း။
- အလွန်အထီးကျန်မှုမဖြစ်စေရန် ကျွန်ုပ်၏ အိမ်တိုင်ရာရောက် ကျန်းမာရေးဝန်ဆောင်မှုပေးသူသည် အခြားသောမည်သည့်နည်းလမ်းများဖြင့် ကူညီပေးနိုင်သနည်း။

ဤ ပရိုဂရမ်အကြောင်းကို ပိုမို၍သိရှိနိုင်ရန်အတွက် ဖုန်းနံပါတ် 2-1-1 လိုင်းခွဲ 6 သို့ခေါ်ဆိုပါ သို့မဟုတ် 898211 ထံသို့ စာတို HMGVT ပေးပို့ပါ။

healthvermont.gov/strongfamilies

Burmese